**မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေးစီမံကိန်းအနီး ရဲအင်အားအများအပြားဖြင့်ဒေသခံများအား ခြံခတ်ပိတ်ဆို့**

**နေ့စွဲ။ ။ ၁၁ ဇူလိုင် ၂၀၁၇**

ရန်ကုန်တောင်ပိုင်းခရိုင်သီလဝါဒေသရှိ မိသားစု ၃၉ စုမှ နိုင်ထက်စီးနင်းမြေသိမ်းဆည်းခံရမှုနှင့်ရင်ဆိုင်နေကြရပါသည်။ မိသားစုများနေထိုင်သော အိမ်များပတ်လည်တွင် ခြံခတ်ပိတ်ဆို့လိုက်သည့်အတွက် သွားလာရခက်ခဲ့ပြီး မြေယာအခွင့်အရေးနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ ခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်နေကြရပါသည်။ ခြံခတ်ခံရသည့်မိသားစုများနှင့် သီလာဝါလူမှု ဘဝဖွံ့ဖြိုးတိုးတတ်ရေးအဖွဲ့(TSDG) မှာ ယခုမြေယာသိမ်းဆည်းမှုအား ဖြေရှင်းရန်ကြိုးစားလျှက်ရှိပါသည်။

ဇွန်လ ၁၀ ရက် ၂၀၁၇ နေ့တွင် ရပ်ကျေးအုပ်ချုပ်ရေးနှင့်ရဲအင်အား ၁၅၀ ခန့်သည် အချုပ်ကားများဖြင့်ရောက်ရှိလာကာ သီလာဝါအထူးစီးပွားရေးဇုန်အနီးရှိ ဒေသခံများပိုင်ဆိုင်သည့်မြေအား ခြံခတ်မှုအားဦးဆောင်ခဲ့ပါသည်။ ရဲအင်အားများပြားသောကြောင့် ဒေသခံရွာသားများမှာ ခြံခတ်မှုအား ဆန့်ကျင်ရန်မဖြစ်နိုင်ခဲ့ကြပေ။ ထိုမြေမှာ ဒေသခံများလက်ရှိနေထိုင်လျှက်ရှိနေပြီး ခြံခတ်ပိတ်ဆို့လိုက်သည့်အတွက် ဒေသခံများအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ မြေယာအခွင့်အရေးများ ဆုံးရှုံးလျှက်ရှိပါသည်။ ခြံခတ်ခံလိုက်ရသည့်အတွက် အထဲတွင်နေထိုင်နေသောမိသားစုများမှာ လှောင်ပိတ်မိ လျှက်ရှိကြပါသည်။ ထိုခြံခတ်ခံရသည့်မြေထဲတွင် လယ်ယာလုပ်ကိုင်လျှက်ရှိနေသော မိသားစုများမှာလည်းရာသီစပါးစိုက်ပျိုးချိန်ရောက်နေသည့်တိုင် ဝင်ရောက်လုပ်ကိုင်ခွင့်မရကြတော့ပေ။ ထိုသူများမှာ ၎င်းမြေကိုအားထားအမှီပြုနေထိုင်ကြသူများဖြစ်ပါသည်။

ဇူလိုင် ၃ ရက်နေ့တွင် ၎င်းမြေတွင်နေထိုင်နေသော မိသားစု ၃၉ ဦးက မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ ဇွန်လ ၁၀ ရက်နေ့ကဖြစ်ပေါ်ခဲ့သော အားဓမ္မမြေသိမ်းယူမှုကိစ္စအားစုံစမ်းဖြေရှင်းပေးရန်တိုင်ကြားစာ ပေးပို့ခဲ့ကြပါသည်။ ထိုမတိုင်ခင်လည်း ပြဿနာဖြစ်သည့်နေ့ ဇွန်လ ၁၀ နေ့နှင့် ဇွန်လ ၁၂ ရက်နေ့တို့တွင် မြေသိမ်းခံမိသားစုများမှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ သွားရောက်တွေ့ဆုံတိုင်ကြားရန်ကြိုးစားခဲ့သော်လည်းမအောင်မြင်ခဲ့ပေ။

"သူတို့ကကျွန်တော်တို့ရဲ့အခွင့်အရေးကို ဂရုမစိုက်ဘူး လူတွေလို့တောင်မထင်ပဲဆက်ဆံတယ်လို့ခံစားရတယ်" လို့ ခြံခတ်သည့်အထဲတွင် မြေပါသွားသည့် ဒေသခံလယ်သမားတစ်ဦးဖြစ်သူ ဦးသန်းဝင်းက ပြောပါသည်။ "သဘောတူညီမှုမရရှိပဲ ရဲအင်အားအများအပြားဖြင့် ခြိမ်းခြောက်ပြီး ဒီလိုလုပ်ဆောင်တာမှန်ကန်မှုမရှိဘူး" လို့ ဆက်လက်ပြီး သူကပြောဆိုပါသည်။

"ဖွံ့ဖြိုးရေးဆိုတဲ့ခေါင်းစဉ်အောက်မှာ ဒီလိုမျိုးကိစ္စတွေမဖြစ်သင့်ဘူး။ဒီလိုဒေသခံတွေအတွက် ပြဿနာအများဖြစ်စေတယ်ဆိုရင် ဒါဟာလုံးဝမှားယွင်းတဲ့ကိစ္စပဲ"ဟု သီလဝါလူမှုဘဝဖွံ့ဖြိုးတိုးတတ်ရေးအဖွဲ့ (TSDG)အဖွဲ့ဝင်ကိုဖြိုးဝေက ပြောပါသည်။

သီလာဂါအထူးစီးပွားရေးဇုန်ကြောင့်နစ်နာသည့်ဒေသခံများမှ အစိုးရနှင့်စီမံကိန်းရေးဆွဲသည့် သူများသည် ဒေသခံများ၏ မြေယာအခွင့်အရေးအား ချိုးဖောက်နေသည်ဆိုသည့်အချက်အား နိုင်ငံတကာထိ တက်ရောက်ပြောဆိုခဲ့ကြပြီး ဖြစ်ပါသည်။ ဒေသခံများ၏အခွင့်အရေးကိုစတေးခံကာ မြန်မာနိုင်ငံအနှံ့ အကြီးစားစက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများအား အဓမ္မအကောင်အထည်ဖော်နိုင်ရန်ကြိုးပမ်း လျှက်ရှိနေပါသည်။ ယခုလိုမြေယာသိမ်းဆည်းမှုမှာ မြန်မာနိုင်ငံသမ္မတကိုယ်တိုင်ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားစာအား ချိုးဖောက်ရာရောက်ပါသည်။

"သမ္မတအမိန့်စာထဲမှာ လက်ရှိဖြစ်နေတဲ့မြေယာပြဿနာတွေဖြေရှင်းမပြီးမချင်း နောက်ထပ်မြေယာသိမ်းမှု မလုပ်ရဘူးလို့ပါတယ်" ဟု သီလာဂါ လူမှုဘဝဖွံ့ဖြိုးတိုးတတ်ရေးအဖွဲ့ ခေါင်းဆောင် ဦးမြလှိုင်ကပြောပါသည်။ "အခုဟာက အစိုးရက ကျနော်တို့ကိုကာကွယ်မယ့်အစား သူတို့ကိုယ်တိုင် ချိုးဖေါက်မှုတွေကျူးလွန်နေတယ်" ဟုလည်း သူမှဆက်လက်ဆိုပါသည်။

သီလဂါကျေးရွာတွင်ဖြစ်ပွားသော ယခုဖြစ်ရပ်မှာ သီလာဂါအထူးစီးပွားရေးဇုန်အပါအဝင် မြန်မာနိုင်ငံအဂှမ်းလုံးတွင် ဖြစ်ပေါ်လျက်ရှိသော မြေယာပြဿနာများကို ထင်ဟပ်စေပြီး ERI နှင့် TSDG မှ ယခုပြဿနာအပေါ်တွင် စိုးရိမ်မကင်းဖြစ်မိပါသည်။ ယခုကဲ့သို့မြေယာသိမ်းဆည်းမှုဖြစ်ရပ်များမှာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအမည်အောက်တွင် မြန်မာပြည်အနှံ့ အများအပြားဖြစ်ပေါ်လျှက်ရှိပါသည်။ ယခုဖြစ်နေသည့်ပြဿနာမှာ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့်ထိခိုက်သော ဒေသခံများ လျော်ကြေးငွေ လုံလောက်စွာမပေးခြင်း၊ညှိနှိုင်းဆွေးနွေးမှုမရှိခြင်းစသည့် အကွက်ကျကျစီစဉ်ဖန်တီးသည့် ပြဿနာရပ်ကြီးအား ထင်ဟပ်စေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့မို့ကြောင့် ERI နှင့်TSDG နှစ်ဖွဲ့လုံး ထိခိုက်ခံမိသားစုများဖက်မှ ရပ်တည်ပါသည်။

အစိုးရမှအင်အားသုံးကာ ရန်လိုသောအပြုအမူဖြင့် မြေယာသိမ်းယူမှုသည် ကြိုတင်ဆွေးနွေးမှုနှင့် သဘောတူညီမှုရယူခြင်း အားနည်းခြင်းနှင့် သီလဂါဒေသတွင်နေထိုင်သော ပြည်သူများ၏အခွင့်အရေးထက် လူတချို့၏စီးပွားရေးအကျိုးအမြတ်က ပိုပြီးအရေးကြီးသည့်ပုံစံမျိုး အခြေအနေကို သက်သေပြလိုက်သလိုဖြစ်နေပါသည်။ ထိခိုက်နစ်နာသောမိသားစုများမှ တရားမျှတသော ဆုံးဖြတ်ချက်တစ်ခုအား ရရှိရန် ဆက်လက်လုပ်ဆောင်နေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အပါအဝင် သက်ဆိုင်သောအစိုးရဌာနများနှင့်အဖွဲ့များ၏ တုံ့ပြန်မှုတစ်စုံတစ်ရာအား ထိခိုက်နစ်နာသူများမှ ဆက်လက်စောင့်မျှော်လျှက်ရှိပါသည်။

ထိုခြံခတ်ခံမိသားစု ၃၉ စု၏တောင်းဆိုချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- ကျနော်တို့က ဒီမြေမှာ အရင်လိုပဲ ဆက်လက်နေထိုင်လုပ်ကိုင်စားသောက်ချင်တယ်။ ဒီမြေမှာ နေထိုင်စားသောက်လာတာတော်တော်ကြာပြီ။ တကယ်လို့ကျနော်တို့ရွှေ့ရမယ်ဆိုရင် မြေယာသစ်၊ နေအိမ်၊အစားအစာ၊စားဝတ်နေရေးစတဲ့ပြဿနာတွေအများကြီးနှင့်ရင်ဆိုင်ရနိုင်တယ်။

- တကယ်လို့ဒီစီမံကိန်းက နိုင်ငံတော်အကျိုးအမြတ်အတွက်ဖြစ်တယ် ကျနော်တို့ကရွှေ့ကိုရွှေ့ရမယ်ဆိုရင်လည်း ဒီနေရာနဲ့သိပ်မဝေးတဲ့နေရာကိုလိုချင်တယ်။ အခုလိုစားဝတ်နေရေးကို ဆက်လက်လုပ်ကိုင်ချင်တယ်။
- ဒီလို မမှန်မကန်အတင်းအဓမ္မလုပ်ရပ် တွေကို တရားမျှတတဲ့နည်းလမ်းဖြေရှင်းမှုတွေလိုချင်တယ်။
- ဒီလို အဓမ္မမြေသိမ်းမှုတွေကို နိုင်ငံတော်ဥပဒေအတိုင်း ကုမ္ပဏီကဖြေရှင်းတာဝန်ယူပေးရမယ်။
- ဖွံ့ဖြိုးရေးစီမံကိန်းတွေကြောင့် အခုလို ထိခိုက်မှုတွေကို အစိုးရက တားမြစ်ရမယ် ကျနော်တို့ကို ကာကွယ်ပေးရမယ်လို့ ကျနော်တို့ယုံကြည်တယ်။

**ဆက်သွယ်ရန်**


ဦးမြလှိုင် - ၀၉၇၉ ၅၁၄ ၄၉၃၄

ဦးသန်းဝင်း - ၀၉၂၅ ၀၃၄ ၆၁၃၁

Katherine McDonnell - katherine@earthrights.org